# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး

# သတ္တမနေ့ အစီအစဉ်

# [ ၁၀ - ၂ - ၂၀၁၇ ]

# ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် သတ္တမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၊ ကံပေါက်ဒေသအား သတ္တုတွင်းနယ်မြေမှ ပယ်ဖျက်ပြီး ရွာမြေအဖြစ် သတ်မှတ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမောင်ကျော်ဇံ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ရခိုင်ပြည်နယ်အတွင်း ပြုန်းတီးသွားသည့် ဒီရေတောများနေရာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများကို မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ နှင့်အညီ အနာဂတ် အတွက် တည်ထောင်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ မြို့သစ်မြို့၊ သနန်ကျေးရွာအုပ်စုတွင် ခွင့်ပြုချက်မရှိဘဲ သဘာဝသစ်တော ဧက(၅၀)ကျော်ကို ခုတ်ထွင်ရှင်းလင်းထားသော ကုမ္ပဏီအား ဥပဒေအရ မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် အဆိုပါမြေနေရာအား ဒေသခံပြည်သူများ တရားဝင်လျှောက်ထားလာပါက စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မော်လမြိုင်-သံဖြူဇရပ် လမ်းမကြီးအရှေ့ဘက်ခြမ်း လက်တက်၊ နိုင်လှုံ၊ ကမာဝက်၊ ဂုံညင်းတန်း၊ ကလော့သော့ ကျေးရွာတစ်ကြောရှိ ဧက ၁၇၀၀ ကျော် ရော်ဘာခြံများအား ကျိုက္ကမော့ သစ်တောကြိုးဝိုင်းနယ်နိမိတ်အဖြစ် သတ်မှတ်၍ မှတ်တိုင်(ဘုတ်တိုင်) စိုက်ထူကာ စည်းကြပ်အခွန် ထမ်းဆောင်စေပါက နစ်နာမှုများ ရှိနေသောကြောင့် မူလက စိုက်ထူခဲ့သည့် နယ်ခြားမှတ်တိုင် (ဘုတ်တိုင်)နေရာတွင်ပင် ပြန်လည်စိုက်ထူပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **မြန်မာနိုင်ငံတစ်ဝန်းတွင် ကျောက်မီးသွေး သုံးစွဲလည်ပတ်လျက်ရှိသည့် ကျောက်ဆည်၊ ပင်းပက်နှင့် ပြည်ညောင်ဒေသများရှိ ဘိလပ်မြေ စက်ရုံများ အပြင် မြိုင်ကလေး တန် ၄၀၀၀ စက်ရုံကို သဘာဝဓာတ်ငွေ့အစား ကျောက်မီးသွေးအသုံးပြု၍ ပြောင်းလဲလည်ပတ်ရန် ဆောင်ရွက်နေမှုတို့သည် (EIA)(SIA)ဆန်းစစ်ချက်များ တင်ပြထားခြင်း ရှိ/မရှိနှင့် ထုတ်လွှင့်အခိုးအငွေ့ (Air Emissions)များသည် အမိန့်ကြော်ငြာစာ (၆၁၅/၂၀၁၅) သတ်မှတ်စံနှုန်းအတွင်း ရှိ/မရှိကို မည်သည့်အဖွဲ့အစည်းက ကြပ်မတ်စစ်ဆေးသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ရပ်နားကြောင်းနှင့် အဋ္ဌမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။